Highlights from DVB Debate's " How democratic is the village?

Jan 27th, 2018

# "How democratic is the village?

**ဒီမိုကရေစီ အောက်ခြေထိရောက်ပြီလား?**

"ဒီမိုကရေစီအောက်ခြေထိရောက်ဖို့ အတွက်တော့ ၂၀၀၈ဖွဲ့စည်းပုံအရ ကန့်သတ်တားဆီးတာတွေ အများကြီး ရင်ဆိုင်ရဦးမယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေအရမြို့နယ်၊ခရိုင်အုပ်ချုပ်ရေးမှူးတွေကို ခန့်အပ်ခံရတဲ့ ဂန်ထမ်းတွေ နဲ့ ပဲဖွဲ့စည်းထားတာဖြစ်တယ်။ အဲဒါတွေကို၂၀၀၈ ဖွဲ့စည်းပုံပြင်ဆင်ရေးလမ်းကြောင်းသွားပြီးမှသာ ပိုမိုပြီး တော့ ပြည်သူလူထုထိ ဒီမိုကရေစီပြန့်နှံ့နိုင်မယ်လို့ ထင်ပါတယ်။ "

## ဦးကျော်ဇေယျ (NLDလွှတ်တော်အမတ်၊ ပဲခူးတိုင်းဒေသကြီး)

---

"ကျနော်တို့ လည်းကျနော်တို့ သမိုင်းအရ ထိုက်သင့်တဲ့မှတ်တမ်းမှတ်ရာတွေရှိခဲ့ပြီးပြီ။ ဒီမိုကရေစီ နဲ့ ပက်သက်တဲ့ အခွင့်အရေးတွေ၊ ပွင့်လင်းမြင်သာတဲ့ Citizen Budget လိုဟာမျိုးတွေကို ကျနော်တို့ တွေကစ ပေးခဲ့တာပဲ။ ကျနော်တို့ ပြဌာန်းတဲ့ဥပဒေတွေက စပ်ကူးမတ်ကူးကာလဖြစ်တဲ့အတွက်ကြောင့် အတော်လေးပြင်ဆင်ခဲ့တယ်။ အတော်လေးကို အခက်အခဲ အကြပ်အတည်းကြားက ရအောင်လုပ်ခဲ့တယ်။ "

**ဦးအောင်ချိုဦး (ဒု-ဥက္ကဌ ပဲခူးတိုင်းအနောက်ခြမ်း၊ (ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ)**

---

"အခုချိန်မှာ ပြည်သူတွေက ကျောင်းသားတွေနဲ့ ထပ်တူခံစားမယ်။ ကျောင်းသားတွေကလည်း အစိုးရနဲ့ အတူ ထပ်တူခံစားမယ်။ အစိုးရကလည်း ကျောင်းသားတွေကိုနားလည်မယ်။ ဒီလို နားလည်သဘော ပေါက်ခြင်းမရှိ သမျှကာလပါတ်လုံး ဒီမိုကရေစီအောက်ခြေထိမရောက်သေးဘူးလို့ ကျနော်ထင်တယ်။ "

## ဒေါက်တာခင်မောင်ညို (စာရေးဆရာ)

---

"ပြည်သူနဲ့သဟဇာတမဖြစ်ခြင်းဟာ Power Corrupt ပဲ။ အာဏာရှိလာရင်တော့ အဲဒီလူဟာ ပျက်စီးခြင်းကိုရောက်သွားတာပဲ။ အာဏာရဲ့ အရသာကိုခံစားပြီးတော့ ပျက်စီးသွားတာမျိုး အများကြီးရှိပါတယ်။"

**ဒေါက်တာခင်မောင်ညို (စာရေးဆရာ)**

---

"ဒီမိုကရေစီရဲ့ အကျိုးခံစားခွင့်ကို ကျမတို့လို ဥပဒေသမားတွေဖြစ်တဲ့ ရှေ့နေတွေတောင်မှ မခံစားရဘူးဆိုရင် ဥပဒေအသိပညာအားနည်းတဲ့ အောက်ခြေပြည်သူတွေက အဝေးကြီးပဲ။ ဒီမိုကရေစီကအောက်ခြေထိ လုံးဝ မရောက်သေးဘူး"

**ဒေါ်အေးသန္တာ (မြန်မာနိုင်ငံလွတ်လပ်သောရှေ့နေများအသင်း)**

---